# ပင်းယခေတ် အလှူမှတ်တမ်းတင် ကျောက်စာများမှ တွေ့ရသော ဆုတောင်းများနှင့် ဘာသာရေးအမြင်

## သော်တာလွင်[၁]

**စာတမ်းအကျဉ်း**

ပုဂံခေတ်အလှူရှင်တို့သည် မိမိတို့အလှူပြုပြီးလျှင် ဆုတောင်းလေ့ရှိကြသည်။ ထိုကဲ့သို့ပင် ပင်းယခေတ် အလှူရှင်တို့သည် မိမိတို့အလှူပြုပြီးတိုင်း ဆုတောင်းလေ့ရှိကြသည်။ ထို့နောက် အလှူရှင်တို့သည် အလှူအတန်းများပြုပြီးလျှင် အလှူမှတ်တမ်းတင် ကျောက်စာများ ရေးထိုးလေ့ရှိကြသည်။ ပင်းယခေတ်အလှူရှင်တို့သည် မိမိတို့ အလှူပြုပြီးလျှင် မိမိတို့၏ စိတ်ဆန္ဒအတိုင်း နိဗ္ဗာန်ဆု၊ ဘုရားဆု၊ ယောကျ်ားဆု စသည်ဖြင့် ဆုတောင်းအမျိုးမျိုးကို တောင်းလေ့ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ယင်းတို့ တောင်းသောဆုတောင်းများမှ တစ်ဆင့် ယင်းတို့၏ ဘာသာရေးအဆင့်အတန်းကို တွေ့မြင်နိုင်ပါသည်။

**သော့ချက်စကားလုံးများ**

နိဗ္ဗာန်ဆု၊ ဘုရားဆု၊ ယောကျ်ားဆု၊ အထွေထွေဆုတောင်း၊

**ရည်ရွယ်ချက်**

ပင်းယခေတ် မြန်မာကျောက်စာများမှ စိတ်ဝင်စားဖွယ်ကောင်းသည့် အလှူမှတ်တမ်းများအကြောင်း သိစေလိုခြင်း၊ ထိုအလှူမှတ်တမ်းကျောက်စာများမှတစ်ဆင့် ထိုခေတ်အလှူရှင်များ၏ ဆုတောင်းပုံအမျိုးမျိုးကို သိစေလိုခြင်း ဖြစ်ပါသည်။

**အချက်အလက်နှင့် အသုံးပြုနည်း**

ဤစာတမ်းတွင် ဦးငြိမ်းမောင်၏ ရှေးဟောင်း မြန်မာကျောက်စာများ၊ စောလူ၏ ပုဂံခေတ်မြန်မာစာ၊ သန်းထွန်း၏ခေတ်ဟောင်း မြန်မာရာဇဝင်တို့ကို အခြေခံ၍ လေ့လာထားပါသည်။ ယင်းလေ့လာချက်များမှ ထိုခေတ် အလှူရှင်တို့၏ ဆုတောင်းနှင့် ဘာသာရေးအမြင်ကို လေ့လာတင်ပြထားပါသည်။

---

Assistant Lecturer, Department of Myanmar Language, Yangon Institute of Economics

## ၁။ နိဒါန်း

ဆုတောင်းခြင်းသည် မိမိဖြစ်လိုသောအခြေအနေ မိမိရလိုသောဘဝကို စိတ်ထဲ၌ ထားရှိခြင်း (သို့မဟုတ်) နှုတ်ဖြင့် မြွက်ဆိုခြင်းပင်ဖြစ်သည်။[၁] သို့သော် နှုတ်မှ မြွက်ဆိုတောင့် တရုံဖြင့် မိမိ၏လိုအင်ဆန္ဒများသည် ပြည့်ဝနိုင်မည်မဟုတ်ပေ။ လိုလားသောဘဝကို ရရှိနိုင်အောင် ကြိုးပမ်းမှုရှိမှသာလျှင် ထိုအလိုဆန္ဒအတိုင်း ဖြစ်လာနိုင်ပေသည်။ ဤသဘောကိုသိသော ပင်းယခေတ်အလှူရှင်တို့သည် အလှူအတန်းများပြု၍ ဆုတောင်းကြသည်။ ဤသို့ မိမိတို့၏ အလှူမှတ်တမ်းတင်ကျောက်စာများအား တွေ့မြင်နေသရွေ့ မိမိတို့၏ ကုသိုလ်များကိုလည်း ပွားများသကဲ့သို့ ဖြစ်နေသည်။ ဤသို့ ပွားများခြင်းဖြင့် မိမိတို့၏ အလိုဆန္ဒများပြည့်ဝစေရန်အတွက်လည်း ကြိုးစားမှုတစ်ရပ်ဖြစ်နိုင်ပါသည်။

## ၂။ ဆုတောင်းအမျိုးမျိုး

ပင်းယခေတ်အလှူရှင်တို့သည် ဆုတောင်းများကို မိမိတို့၏ စိတ်ကူးအမျိုးမျိုးဖြင့် တောင်းလာကြသည်။ အလှူရှင်တို့သည် မိမိတို့၏ အလိုဆန္ဒအမျိုးမျိုးအတွက် ဆုတောင်းကြရာတွင် နိဗ္ဗာန်ဆု၊ ဘုရားဆု၊ ယောကျ်ားဆုနှင့် အထွေထွေဆုတောင်းဟူ၍ ဆုတောင်းအမျိုးမျိုးကို လေ့လာတွေ့ရှိနိုင်ပါသည်။

### ၂-၁။ နိဗ္ဗာန်ဆု

နိဗ္ဗာန်ဆုဆိုသည်မှာ ဝဋ်ဆင်းရဲမှ လွတ်မြောက်ခြင်းအတွက် တောင့်တလိုလားချက်ပင်ဖြစ်ပါသည်။[၂] နိဗ္ဗာန်သည် ပါဠိအခေါ် နိဗ္ဗာန၊ သက္ကတအခေါ် နိဝါန၊ ပါဠိသက် မြန်မာခေါ် နိဗ္ဗာန်ဆိုသည်မှာ "ငြိမ်းရာ၊ ငြိမ်းကြောင်း"ဟု ဆိုလိုရင်းဖြစ်သည်။ ရာဂမီး၊ ဒေါသမီးစသော မီး (၁၁)ပါးတို့၏ ငြိမ်းရာချုပ်ရာ ဖြစ်သောကြောင့် နိဗ္ဗာန်ဟု ခေါ်ခြင်းဖြစ်သည်။[၃]

နိဗ္ဗာန်သည် ဒုက္ခမှ လွတ်ငြိမ်းခြင်းအခြေအနေဖြစ်သည်။ အမြင့်မြတ်ဆုံးသော ရှင်လန်းချမ်းမြေ့မှု၏ အခြေအနေဖြစ်သည်။[၄]

နိဗ္ဗာန်သည် ကိလေသာတို့၏ ကင်းရာ ပျောက်ရာဖြစ်၍ ဒုက္ခအဖုံဖုံတို့၏ ကုန်ရာကင်းရာလည်းဖြစ်သည်။ ဤကဲ့သို့ ဒုက္ခများမရှိ၍ ငြိမ်းအေးမှုဟူသော အငြိမ်းဓာတ်သာရှိပေသည်။ နိဗ္ဗာန်တွင် လောကနှင့် လိုချင်စရာဟူ၍ ဘာမျှမရှိပေ။ ဣဿ၊ မစ္ဆရိယ၊ ကိလေသာ စသည်တို့လည်း မရှိပေ။ အဝိဇ္ဇာကင်းသော ပုဂ္ဂိုလ်များသာ နိဗ္ဗာန်၏ အရသာကို ခံစားကြရသည်။

ပင်းယခေတ် ဗုဒ္ဓဘာသာဝင်တို့သည် နိဗ္ဗာန်၏သဘောကို သိရှိသည့်အတွက် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တောင်းထားသောဆုများကို များစွာတွေ့ရသည်။ ရှေးဟောင်းမြန်မာကျောက်စာများကို လေ့လာရာတွင် နိဗ္ဗာန်ဆုကို တောင်းသည့်ဆုတောင်းများကို လေ့လာတွေ့ရှိရပါသည်။

---

[၁] အရှေ့တိုင်း ယဉ်ကျေးမှု ပို့ချချက် အတွဲ (၂)

[၂] မြန်မာအဘိဓာန် အတွဲ (၂)

[၃] နိဗ္ဗာန်ဝါဒသမိုင်း ဆရာမာဃ

[၄] နိဗ္ဗာန် ပါရဂူ

သက္ကရာဇ် ၆၇၂ မိဖုရားစော ကျောက်စာတွင်

"ခပ်သိမ်းသော သံသရာဆင်ငြယ်ကတ်ရာ ဖြစ်သော

နိတ်ရပန်ဆုကိုဝ် လိုချင်သည်ကြောင်"[၁]

ဟူ၍ အလှူရှင် မိဖုရားစောသည် မြေနှင့်ကျွန်တို့ကို လှူသည်။ ဤသို့ အလှူပြုရခြင်းမှာ ခပ်သိမ်းသော သံသရာဆင်းရဲတို့ ကင်းဝေးရာ ကျွတ်လွတ်ရာ နိဗ္ဗာန်ကို ရောက်လိုသည်ဟု မိမိ၏ လိုအင်ဆန္ဒကို ရည်ရွယ်ချက်အသွင်ဖြင့် ဖော်ပြရေးထိုးထားပါသည်။

သက္ကရာဇ် ၆၇၈ မြတ်ကြီးညောင် မယားကျောက်စာတွင်

"ဤကောင်မှုကိုဝ် မွတ်နိုဝ်ခ်ီပင်ပါသသူကာ ဖုန်းကြီးအသက်ရှည်စွာ

အံနာမယ်ဖွစ်ရှယ် အဆုံကာ အမြိုက်ချံယန် နိရပန်ချံသာ ရစိယ်ကုန်သတေ"[၂]

ဟူ၍ အလှူရှင်မြတ်ကြီး ညောင်မယားသည် မိမိ၏ ကျွန် (၅)ယောက်ကို မဟာထေရ်၊ မင်းမတ်ကလန်၊ သံပျင်စသူတို့၏ ရှေ့မှောက်တွင် ဆရာသခင်အားလှူ၏။ ထိုအလှူကို မြတ်နိုးချီးပင့်သူသည် ဖုန်းကြီး၍ အသက်ရှည်စွာ အနာရောဂါလည်း ကင်းဝေးပါစေဟူ၍ ဆုတောင်းပြီး နောက်ဆုံးဘဝတွင် နိဗ္ဗာန်ချမ်းသာကို ရပါစေဟု ဆုတောင်းထားပါသည်။

သက္ကရာဇ် ၆၉၄၊ စစ်သူကြီး လက်ျပတိယ်မောင်နံ့ကျောက်စာတွင်

"ငါပ္လုသော ကောင်မှု အကျိုဝ်ကာ၊ ရေမ္လေစိုဝ်သော၊ မင်းကြီးစသအမတ်ျာ

ပိုဝ်ပါ သဗ္ဗသတ္တဝါ ခပ်သိမ်းလျှင် ငါနှင့်ထပ်တူ ရစပါစိယ်ကုန် သတေ

အဆုံမ်စွန်ကာ နိယ်ရပန်ဆုကိုဝ် ရချှင်သတေ"[၃]

ဟူ၍ မိမိသည် ဘုရားရှင်အား လယ်၊ ကျွန်၊ နွား စသည်တို့ကို လှူရသော ကောင်းမှုအကျိုးကြောင့် ရေမြေကို အစိုးရသော မင်းကြီး၊ အမတ်၊ ဗိုလ်ပါနှင့် သတ္တဝါခပ်သိမ်းတို့သည် မိမိနှင့်အတူ ရပါစေဟု ဆုတောင်းပေးထားပြီး မိမိသည်လည်း သံသရာ၏အဆုံး နိဗ္ဗာန်ဆုကို ရချင်ပါသည်ဟု ဆုတောင်းထားသည်ကိုလည်း လေ့လာတွေ့ ရှိရပါသည်။

ထိုခေတ်အလှူရှင်တို့သည် သံသရာ၌ အဖန်တလဲလဲ မကျင်လည်လို၍ ဆင်းရဲခပ်သိမ်းကင်းငြိမ်း၍ ချမ်းသာစွာ နေရသည့် မြတ်နိဗ္ဗာန်ကို ရောက်မှ လူ့ဘဝ၏လိုအင်ဆန္ဒများဖြစ်သည့် လောဘဒေါသမောဟများ ချုပ်ငြိမ်းမည်ကို သိရသည်။ ထို့ကြောင့် ထိုခေတ်အလှူရှင်တို့သည် နိဗ္ဗာန်ဆု တစ်ခုတည်းကိုပင် တောင်းကြသည်ကို တွေ့ရသည်။

သို့သော် ဗုဒ္ဓဘာသာဝင်တို့သည် ကံ၊ ကံ၏ အကျိုးကို ယုံကြည်သူများဖြစ်သည်။ မိမိတို့ကောင်းမှု ပြုလျှင် ကောင်းသောအကျိုးကိုရ၍ မကောင်းမှုပြုလျှင် မကောင်းကျိုးကိုသာ ရရှိမည်ကို သိကြသူများဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တို့သည် သံသရာအဆက်ဆက်တွင် ဆင်းရဲတွင်းသို့ တွန်းချမည့် မကောင်းမှုဒုစရိုက်များကို ရှောင်၍ ကောင်းသောအမှုများကိုသာ ပြုလုပ်ကြသည်။ "ဘယ်သူမပြု၊ မိမိမှု" "မိမိသည်သာ အားကိုးရာ" ဟူသော သဘောထားအမှန်ကို သိရှိကြသူများသည် မိမိတို့ကောင်းမှု ပြုပြီးတိုင်း နိဗ္ဗာန်မရမီ ကြားဘဝများ၌ လူ

[၁] ငြိမ်းမောင် (တတွဲ)၊ ၂၄၇၊ ၁၉၈၃။

[၂] ငြိမ်းမောင် (တတွဲ)၊ ၂၇၂၊ ၁၉၈၃။

[၃] ငြိမ်းမောင် (တတွဲ) ၃၂၆၊ ၁၉၈၃။

ချမ်းသာ၊ နတ်ချမ်းသာများကို တောင်းတတ်ကြသည်။ ပြီးမှသာ အေးချမ်းရာ နိဗ္ဗာန်ချမ်းသာကိုသာ တောင်းတတ်ကြသည်။

လူချမ်းသာဟူသည်မှာ လူဘုံ၊ လူ့ဥာနဉ္ဒ သူဌေး၊ သူကြွယ်၊ ပညာရှိ၊ ဂုဏ်ပကာသနစသည့် ချမ်းသာများကို ခံစားရခြင်းဖြစ်သည်။ နတ်စည်းစိမ်မှာ စတုမဟာရာဇ် တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရိနိမ္မိတ၊ ဝသဝတီ နတ်ပြည်ခြောက်ထပ်နှင့် ဗြဟ္မာဘုံ (၂၀)တို့တွင် ခြွေရံအပေါင်း စုံလင်စွာ ခံစားရခြင်းဖြစ်သည်။

ဤသို့ အလှူရှင်တို့သည် အလှူပြုပြီးတိုင်း လူစည်းစိမ်၊ နတ်စည်းစိမ်တို့ကို ခံစားပြီးမှသာလျှင် နိဗ္ဗာန်စည်းစိမ်ကို တောင်းတလေ့ရှိကြသည်။

သက္ကရာဇ် ၆၈၁ အနန္တသူဘုရားကျောက်စာတွင်
"ငကောင်မှုကိုဝ် ခိပင်ပါသာသူကာ ငါနှင်အတူရစပါစေသတည်း၊
လူစည်းစိမ်၊ နတ်စည်းစိမ်၊ စည်းစိမ်စုန်ဆန်
ခံစားပြီးမှုကာ အဆုံမ်စွန်ကာ နိဗန်ချံသာခံစရ စေသတည်း"[၁]ဟု

ဆုတောင်းထားသည်။ အလှူရှင် အနန္တသူမောင်နှံသည်၊ ဘုရားရှင်အား ဆွမ်းလှူရာတွင် ဦးစွာကပ်နိုင်ရန် ကျွန်ကိုလှူသည်။ ဤသို့မိမိအလှူကို ချီးပင့်သူတို့အား ဆုတောင်းပေးသည်မှာ မိမိ၏ ကောင်းမှုကုသိုလ်များကို မိမိနှင့်အတူရ၍ လူစည်းစိမ်၊ နတ်စည်းစိမ်များကို အပြန်ပြန်အလှန်လှန်ထပ်ကာ,ထပ်ကာ ခံစားပြီး နောက်ဆုံးဘဝ ရောက်မှသာ နိဗ္ဗာန်တည်းဟူသော ချမ်းသာကို ရကြပါစေဟု ဆုတောင်းထားသည်။ အလှူရှင်သည် လောကီသားပီပီ လူ,နတ်စည်းစိမ်များကို စိတ်တိုင်းကျ ခံစားလိုသူဖြစ်သည်။ ထို့ကြောင့် ဤဆုတောင်းမှ အလှူရှင်သည် လောကီစည်းစိမ်ကို မက်မောသူတစ်ဦးဖြစ်ကြောင်း သိနိုင်ပါသည်။

သက္ကရာဇ် ၇၂၅၊ မင်းမတ်ကြီး ပိဋကရစ်မောင်နှံ ကျောက်စာတွင်
"သွာ ခွာင် အာနှင့် ပ္လည်စုံမ်သော သူတဝ်မ္လတ်တိုဝ် အရေအရုံမ်
ယူစပါသော သူတို့အာ ဤလူတွင် လေည် အနာမဟိ သော ဖ္လစ်ရယ်၊
အသက်ရှည်စွာ နေရစေ၏။ နှလုံဆင်ရဲကိုဝ် ဆင်ငြဲခပ်သိမ်ဖျောက်ရယ်
ခပ်သိမ်းသော စေည်စိမ်ချံသာနှင် ပ္လည်စုံသော ဖ္လစ်စေ၏ အတေည်မယ်သော
တြာ ဖ္လစ်ခဲသော လေည် သံသရာ ကျင်လေည်ရရာ ဆင်ငြဲ မှန်မသိမူရယ်၊
လူစည်စိမ်၊ နတ်စည်စိမ် ခံစပြီရယ် အဆုံမဲကာ လိုဝ်သောဆုကိုဝ်လေည်
ရရယ် နိတ်ပန်ချံသာရောက်စေကုန်သတေည်"[၂]

ဟူ၍ သဒ္ဓါတရားနှင့် ပြည့်စုံသော သူတော်သူမြတ်တို့၊ အရေးယူသော သူတို့သည် ဖြစ်လေရာ ဘဝတွင် အနာမရှိ အသက်ရှည်စွာ နေရ၍ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲအပေါင်းတို့ ကင်းဝေးသော စည်းစိမ်ချမ်းသာနှင့် ပြည်စုံပါစေဟူ၍ ဆုတောင်းထားပြီး အလှူရှင်သည် မမြဲခြင်းဟူသောတရားကို သိရှိသည့်အတွက် သံသရာထဲတွင် ကျင်လည်နေသမျှ ဆင်းရဲမှန်းမသိသော လူစည်းစိမ်၊ နတ်စည်းစိမ်တို့ကို ခံစားပြီးလျှင် နောက်ဆုံးဘဝတွင် မိမိလိုသည့်ဆုရ၍ နိဗ္ဗာန်ချမ်းသာကို ရောက်ကြပါစေကုန်ဟု ဆုတောင်းထားသည်ကို တွေ့ရပါသည်။

---

[၁] ငြိမ်းမောင် (တတွဲ)၊ ၂၉၀၊ ၁၉၈၃။

[၂] ငြိမ်းမောင် (စတွဲ)၊ ၁၃၁၊ ၁၉၉၃။

ပုဂံခေတ်မှစ၍ ယနေ့ခေတ်တိုင် နိဗ္ဗာန်ဆုတောင်းသောသူသည် ဘာသာရေးအမြင်ရင့်သန်နေပြီဟု ဆိုနိုင်ပါသည်။ နိဗ္ဗာန်ဆုတစ်ခုတည်းသာတောင်းသောသူ၏ အမြင်မှာ ခန္ဓာရလျှင် ဒုက္ခသစ္စာဟုခေါ်သော ဒုက္ခဆင်းရဲခြင်းနှင့်သာ တွေ့ကြုံရမည်ကို သိသည့်အတွက် ဆင်းရဲခြင်းကင်းရာ အေးငြိမ်းရာအမှန် နိဗ္ဗာန်ဆုကိုသာ တောင်းကြခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။ နိဗ္ဗာန်ဆုသည် ထေရဝါဒဗုဒ္ဓဘာသာဝင် အားလုံး၏ အမြင့်ဆုံးသော ရည်မှန်းချက်ပန်းတိုင်ဖြစ်သည်။

## ၂-၂။ ဘုရားဆု

ပင်းယခေတ်သူခေတ်သားတို့သည် ဗုဒ္ဓဝါဒ၏ ဆုံးမချက်အရ မည်သည့်အရာမျှ မတည်မြဲဟူသော တရားကို နားလည်ကြသည့်အလျောက် ဒါနဟူသော အလှူကိုပြုကြသည်။ ထို့ကြောင့် ဖြစ်နိုင်လျှင် အသဒိသဒါနဟူ၍ သူတစ်ထူးတို့လိုက်၍ မမီနိုင်စွမ်းအောင် ပေးကမ်းခြင်းဖြင့် နိဗ္ဗာန်သို့ သွားအံ့ဟူ၍ လူတိုင်းမျှော်မှန်းထားသည်။ သို့သော် အလွန်ဖွဲ့ကြီးသူများမှာ ဘုရားဆုပန်ကြသည်။ ဘုရားဆုတောင်းရာ၌ သဗ္ဗညုဆုတောင်းခြင်း၊ သဗ္ဗညုတဆုတောင်းဟူ၍ ကွဲပြားစွာ ရေးထိုးကြသော်လည်း အဓိပ္ပာယ်မှာ အတူတူပင်ဖြစ်သည်။ ဘုရားဆုပန်ခြင်းသည် အထွတ်အမြတ်ဆုံးဖြစ်သည်။

သစ္စာလေးပါးကို ပိုင်းခြားသိမြင်တော်မူသော ဘုရားအဖြစ်သို့ ရောက်ရန်ဆုတောင်းကြရာ၌ အများစုမှာ မင်း၊ မိဖုရား၊ မှူးမတ်များသာဖြစ်ကြသည်ကို တွေ့ရသည်။

သက္ကရာဇ် ၆၉၉ မဟာဝိဟာရကျောင်းတော်ကျောက်စာတွင်
““ဤငါလှူသကောင်မှု အကျိုဝ်ကာ ခပ်သိမ်သ လူနတ်ဗြဟ္မာ သတ္တဝါတိုဝ်ကိုဝ်
ဓမ္မစကြာတြာ လှိယ်ကြိထက်တင်ရှယ်၊ နိဗ္ဗာန်ပြည်သိုဝ် သယ်နိုင်သော ဖုရာဆု မ္ဘတ်ကိုဝ်လျှင်
လို့ခ္လင်သတေ””[၁]

ဟူ၍ အလှူရှင်သည် မိမိလှူခဲ့ပြီးသော ကောင်းမှုအကျိုးကြောင့် လူနတ်ဗြဟ္မာသတ္တဝါတို့ကို ဓမ္မစကြာတရားဟူသော လှေကြီးထက်တင်၍ ဓမ္မစကြာတရားကို ဟောကြား၍ နိဗ္ဗာန်ပြည်သို့ ရောက်အောင် ပို့ဆောင်နိုင်သော ဘုရားဆုကို လိုချင်ပါသည်ဟု ဆုတောင်းထားပါသည်။

မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီး မိမိအားပြုစုသော ပဥ္စဝဂ္ဂီ (၅)ဦးတို့အား ဓမ္မစကြာတရားတော်ကို ဟောကြားတော်မူသည်။ ဓမ္မစကြာတရားတော်သည် တရားဦးပင်ဖြစ်ပါသည်။ ဓမ္မစကြာတရားတော်ကြီးကို ကြားနာရသည့် နတ်ဗြဟ္မာပေါင်း (၁၈)ကုဋေမျှမဂ်၊ ဖိုလ်တရားထူးကို ရသွားကြသည်။ လူသားဖြစ်သည့် ပဥ္စဝဂ္ဂီရဟန်းငါးဦးထဲမှ အရှင်ကောဏ္ဍညမှာ ဖြစ်ပေါ်သောတရားဟူသမျှသည် ချုပ်ငြိမ်းရခြင်းသဘောဖြစ်သည်ဟု သိမြင်သော တရားမျက်စိ (ခေါ်)““သောတာပတ္တိမဂ်ဉာဏ်”” ဖြစ်ပေါ်ပြီး ““သောတာပန်””ဖြစ်သွားသည်။[၂]

---

[၁] ငြိမ်းမောင် (ဂတွဲ)၊ ၃၆၄၊ ၁၉၈၃။

[၂] ငြိမ်းမောင် (စတွဲ)၊ ၁၅၁၊ ၁၉၉၈။

ဤအကြောင်းကိုသိသော အလျှုရှင်သည်လည်း ဓမ္မစကြာတရားဦးကို ဟောကြား၍ လူနတ်ဗြဟ္မာတို့အား နိဗ္ဗာန်သို့ ရောက်အောင် ပို့ပေးချင်သူဖြစ်သည်။ ထိုခေတ်အလှူရှင်တို့သည် ဗုဒ္ဓတရားတော်ကို သက်ဝင်ယုံကြည်သူများဖြစ်သည်။ ဘာသာရေးခံယူချက်ရှိသူဖြစ်သည်။

သက္ကရာဇ် ၇၂၇၊ ရာဇသင်္ကြံကျောင်းကျောက်စာတွင်

"အစိုဝ်ရသော အခါသင်္သရာ ဖိုလ်ကိုဝ် ကြောက်စွာ ရကာ သဗ္ဗသတ္တဝါ

လူ နတ္တ်ကာ တိုဝ်ကိုဝ် သင်္သရာမှ ကဲပေးနိုင်သော သဗ္ဗညုတညန်

ဘုရားဆုကိုဝ် ပ္လည်ချင်သောကြောင်"[1]

ဟူ၍ အလှူရှင်သည် ဒုက္ခဆင်းရဲ၊ သံသရာဘေးကို ကြောက်သောကြောင့် လူနတ်တကာ သတ္တဝါတို့အား သံသရာဘေးဒုက္ခမှ ကယ်တင်ပေးနိုင်သော သဗ္ဗညုတဉာဏ်ဆုကို လိုချင်သောကြောင့်ဟု မိမိ၏ဆန္ဒကို ဖော်ထုတ်ရေးထိုးထားပါသည်။

သက္ကရာဇ် ၇၀၂၊ မင်းမတ်ဥဒိန်ကြီးကျောင်းကျောက်စာတွင်

"ခိပင်ပါသ မင်ကြိမိဘုရှာ စစ်သူကြီအမတ် ရှယ်တဝ်နေ ငဆုယ်

င အမျိုဝ်အလုံ ငါနှင်အတူ ရစပါစေတေ၊ ဘုရာဆုလိုဝ်သတေ"[2]

ဟူ၍ အလှူရှင်သည် မိမိအလှူကို ချီပင့်သော မင်းကြီး၊ မိဖုရား၊ စစ်သူကြီး စသော ဆွေမျိုးများအားလုံးပင် မိမိနှင့်အတူ ရပါစေဟု ဆုတောင်းပေးထားသည်။ မိမိသည်လည်း ဘုရားဆုကို လိုချင်သည်ဟု ဆုတောင်းထားပါသည်။

သက္ကရာ ၇၆၂၊ ထွင့်တင်မာရ်အောင်ဘုရားကျောက်စာတွင်

'ဤသိုဝ် ငါလှူသ အကျိုဝ်ကာ သျှင်မဲမင်၊ သျှင်မင်ကြီလင်မျာ သျှင်နှမ၊

သျှင် ငီမင်ရဲ၊ သျှင်ငီမင်တရျာဖျာ၊ အမတ်ကြီများသံပျင်ကလန် မျော၊

သော၊ မွှေ၊ မ္ယစ်၊ ငွှေ၊ ငွှေချန်၊ သဗ္ဗသတ္တဝါခပ်သိမ် ငါနှင်ထပ်တူ

ရကြလိုဝ်၏ အဆုံမ်စွန်ကာ၊ ဗောဓိပန်လင်ထက်၊ ထဝယ်တင်ပျည်ပုံမ်၊

ဆောင်ချည်ရှယ်၊ လူနတ်တကာ သဗ္ဗသတ္တဝါကိုဝ်၊ ထိုဝ်မှဘက္ကာ၊

ဤမှဘက်သိုဝ် ဤမှဘက္ကာ ထိုမှဘက်သိုဝ် ကဲပေတတ်သော၊

ကောတမမဟူသော ဖုရာဆုမ္လတ် မခတ် ငါကာပ္လည်ချင်သော"[3]

ဟူ၍ ဆုတောင်းထားသည်။ အလှူရှင်သည် မိမိ၏ ဆွေမျိုးနှင့်တကွ သတ္တဝါအပေါင်းအား မိမိနှင့် ထပ်တူရစေရန် ဆုတောင်းပေးထားသည်။ ပြီးမှသာ မိမိသည် သံသရာ၏ နောက်ဆုံးဘဝတွင် ဗောဓိပလ္လင်ထက် တင်ပလ္လင်ခွေထိုင်တော်မူပြီး သတ္တဝါတို့ကို သံသရာတစ်ဖက်ကမ်းမှ တစ်ဖက်ကမ်းသို့ ကယ်ပေးနိုင်သော ဂေါတမအမည်ရှိ သောဘုရားဆုကို ငါသည် ပြည့်ချင်ပါသည်ဟု ဆုတောင်းထားပါသည်။ အလှူရှင်၏ ဆုတောင်းကို ကြည့် ခြင်းအားဖြင့် အလှူရှင်သည် ဘာသာရေးခံယူချက်မြင့်မားသူဖြစ်သည်။

---

[1] ငြိမ်းမောင် (စတွဲ)၊ ၁၅၁၊ ၁၉၉၈။

[2] ငြိမ်းမောင် (စတွဲ)၊ ၁၄၊ ၁၉၉၈။

[3] ငြိမ်းမောင် (စတွဲ)၊ ၂၁၅၊ ၁၉၉၈။

ပုဂံခေတ်မှစ၍ အလှူရှင်တို့သည် ဘုရားဆုကိုလည်း တောင်းကြကြောင်း လေ့လာတွေ့ရှိရပါသည်။ ဘုရားဆုတောင်းသည့် အလှူရှင်တို့သည် မိမိကိုယ်ကျိုးအတွက်သာမကြည့်ဘဲ အများအကျိုးအတွက်ကြည့်သူ၊ လူအများကို သံသရာဝဋ်ဆင်းရဲမှ ကယ်တင်လိုသူများဖြစ်သည်။ မိမိအေးချမ်းသကဲ့သို့ လူအများကို အေးချမ်းစေလိုသည့် ဆန္ဒရှိသူဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ထို့ကြောင့် ဘုရားဆုတောင်းသော အလှူရှင်တို့၏ စိတ်ထားသည် မြင့်မြတ်သော သဒ္ဓါတရား၊ မြင့်မြတ်သော စိတ်ထားရှိသောသူများ ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

## ၂-၃။ ယောကျ်ားဆု

ထိုခေတ်အလှူရှင်များသည် ဗုဒ္ဓဘာသာအယူဝါဒကို ယုံကြည်ကိုးကွယ်မှုအမြင်အရ အလှူရှင်အမျိုးသမီးများသည် အမျိုးသားထက် ထူးခြားစွာ နိမ့်ကျသူများ မဟုတ်ကြပေ။ သို့သော် ဗုဒ္ဓဘာသာယုံကြည်ကိုးကွယ်မှု အမြင်အရ အမျိုးသားအဖြစ်ကိုရမှသာ ဘုရားအဖြစ်ရရှိနိုင်မည်ဟူသော ဘာသာရေးယုံကြည်ချက် ကြောင့် အမျိုးသမီးများသည်လည်း ယောကျ်ားဆုတောင်းလေ့ရှိကြသည်။

သက္ကရာဇ် ၇၂၇၊ ရာဇသင်္ကြံကျောင်း ကျောက်စာတွင်
"ဤ ကွေ္လဝ် ပ္လုရုယ် လှူသ အကွ္လိုစ်ကာ သသံ်ရာ ကျင်လည်ရရာကာ
ငါတောင်သာ ဆု မပ္လည်မချင် အဆင်လှသကိုဝ်၊ အသံသာသကိုဝ်
အမျိုဝ် မွ္လသကိုဝ် သူတထူ ကွ္လည္လူကို သိတတ်သကိုဝ် သိမ်ပုယ်
သပြည်္ာနှင့် ပ္လည္လု သောကိုဝ် အသက်ရှည်သကိုဝ် အနာမဲသောကိုဝ်
ပေမကုံသ မခန်သကိုဝ် အာဆဲပါနှင် ပ္လည္လုံ သကိုဝ် သဗ္ဗသတ္တဝါ
သကြာဖြုဟ္မာ နတ္တကာကိုဝ် သသံ်ရာ အခံကံတဖက်သိုဝ် အညာဆန်ရှယ်
နိပန်ကုတိုဝ် ပိုဝ်ရသ ယောကျ်ာမ္လတ်လေ ငါကာ မချွတ်ဖ္လစ်ချင်သတေ"[၁]

ဟူ၍ ကျောက်စာတွင် အလှူရှင်သည် ပထမဦးစွာ ဘဝသံသရာထဲ၌ ကျင်လည်စဉ်တွင် မိမိတောင်းသောဆု မပြည့်မချင်း ဖြစ်လေရာဘဝတွင် အဆင်းလှသောကိုယ်၊ အသံသာသောကိုယ်၊ သိမ်မွေ့သောပညာနှင့် ပြည့်စုံသောကိုယ်၊ အသက်ရှည်သောကိုယ် စသည်ဖြင့် မိမိ၏ အလိုဆန္ဒများကို ဖော်ထုတ်ထားပါသည်။ ထို့မှမက သတ္တဝါခပ်သိမ်း သိကြားဗြဟ္မာနတ်အပေါင်းတို့အား သံသရာထဲမှ ကယ်တင်နိုင်သော ယောကျ်ားမြတ်တို့၏ဘဝကို ရရှိပါစေဟု ဆုတောင်းထားသည့် အလှူရှင်သည် အမျိုးသားဖြစ်သော်လည်း အလှအပကို မက်မောသူဖြစ်သည်။ ယဉ်ကျေးသိမ်မွေ့မှုကိုလည်း မြတ်နိုးသူတစ်ဦးဖြစ်သည်။ အလှူအတန်းတွင်လည်း ရက်ရောသည်။ ဤသို့ အလှူရှင်၏ ဆုတောင်းမှ အလှူရှင်၏ စိတ်သဘောထားကို တွေ့မြင်နိုင်ပါသည်။ အလှူရှင်သည် စိတ်ကူးဆန်းကြယ်စွာ ဆုတောင်းထားသည်။

အလှူရှင်သည် အား (၁၀)ပါးနှင့် ပြည့်စုံရပါလို၏ဟု ဆုတောင်းထားသည်။ အားဆယ်ပါးသည် မြတ်စွာဘုရားသခင်၏ ဉာဏ်တော်အားဆယ်ပါးဖြစ်သည်။ ကိုယ်တော်အားဆယ်ပါးဟုလည်း ခေါ်သည်။

---

[၁] ငြိမ်းမောင် (စတွဲ)၊ ၁၅၂၊ ၁၉၉၈။

ယင်းတို့မှာ-

(၁) အရာဟုတ်သည် မဟုတ်သည်ကို သိတော်မူခြင်း။

(၂) ကံကံ၏အကျိုးကို သိတော်မူခြင်း။

(၃) အလုံးစုံသောဘဝတို့သို့ ရောက်ခြင်းအကြောင်း၌ သိတော်မူခြင်း။

(၄) များသောလောကဓာတ်၊ အထူးထူးသော လောကဓာတ်တို့ကို သိတော်မူခြင်း။

(၅) အထူးထူးသော အလိုတို့ကို သိတော်မူခြင်း။

(၆) ဣန္ဒြေနုရင့်ခြင်း၌ သိတော်မူခြင်း။

(၇) ဈာန်ဝိမောက္ခ စသည်တို့၌ သိတော်မူခြင်း။

(၈) ရှေးကနေခဲ့ဖူးသော ခန္ဓာအစဉ်ကို သိတော်မူခြင်း။

(၉) အပိတ်အပင်အတားအဆီးမရှိ နတ်မျက်စိကဲ့သို့ ပကတိသိတော်မြင်တော်မူခြင်း။

(၁၀) အာသဝေါတရားတို့၏ ကုန်ရာနိဗ္ဗာန်ကို သိတော်မူခြင်း ဟူ၍ဖြစ်ပါသည်။[၁]

သက္ကရာဇ် ၇၄၃၊ ဝ ပေသူကြီးကျောက်စာတွင်

"ဤသိုဝ်လှုုရသ အကျိုဝ်အာဖ္လင်လေရာ သသ်ရာတွင်
ကီသကန်သနုသ ဝဲသစန်လဲစန်စာ ပူတတ်စွာသော သူကျွန်မျိုဝ်
လေ ဖုရာ အကျွန်မဖ္လစ်ရ္လင်၊ ဤကိုဝ်အဖ္လစ်နှိုက်ဆင်ရယ်ယုတ်မာ
သကိုဝ်လေ ဖုရာအကျွန် မဖ္လစ်ရ္လင်၊ သတ္တေပုံ နာရတနာသုံပါ
အမုယ်မြုုတတ်သော ယောကျာမ္လတ်လျှင်၊ ဖုရာအကျွန်
ဖ္လစ်လ္လင်သတေ၊ ဤမှတပါဖ္လစ်လေသောလေ၊ လူနတ္တ်ကာ
သတ္တဝါတိုဝ်ကိုဝ်။ သသ်ရာ ဆင်ရယ်မှ ကဲ ပေတတ်သော
ယောကျာမ္လတ်လျှင် ဘုရာအကျွန်ဖ္လစ်လ္လင်သတေ"[၂]

ဟူ၍ ဆုတောင်းထားသည်။ အလှုုရှင်သည် လောကီသားပီပီ ကျိုးသော၊ နူသော၊ ဝဲသောကိုယ်၊ ပူပင်တတ်သော ကိုယ် မဖြစ်လိုကြောင်း ဆုတောင်းထားပြီးဖြစ်သည်။ ထို့ပြင် ဆင်းရဲပြီး ယုတ်မာသောကိုယ်လည်း မဖြစ်ချင်ကြောင်း ဆုတောင်းထားကာ ရတနာသုံးပါးကို စိတ်နှလုံးထဲတွင် မွေးမြူတတ်သော ယောကျာ်းမြတ်ဖြစ်ချင်သည်။ လူနတ်သတ္တဝါတို့ကို သံသရာဆင်းရဲမှ ကယ်တင်နိုင်သော ယောကျာ်းမြတ်လည်း ဖြစ်ချင်သည်ဟု ဆုတောင်း ထားသည်။ အလှုုရှင်သည် အမျိုးမြတ်သူလည်း ဖြစ်ချင်သည်။ ဘာသာတရားကိုင်းရှိုင်းသူတစ်ဦးလည်း ဖြစ်သည်။ ဗုဒ္ဓဘာသာကို ယုံကြည်သက်ဝင်သူတစ်ဦးလည်းဖြစ်သည်။

---

[၁] အသျှင်ဩဘာသာဘိဝံသ၊ သုတေသနသရုပ်ပြအဘိဓာန်

[၂] ငြိမ်းမောင် (စတွဲ)၊ ၁၈၀၊ ၁၉၉၈။

ပုဂံခေတ်မှစ၍ ပင်းယခေတ်တိုင် အလှူမှတ်တမ်းတင်ကျောက်စာများတွင် ယောကျ်ားဆုတောင်း သည့် ကျောက်စာများကိုလည်း လေ့လာတွေ့ရှိရပါသည်။ ယောကျ်ားဆုတောင်းသူသည် မြင့်မြတ်သော ယောကျ်ား ဘဝကို မက်မောသူဖြစ်သည်။ ယောကျ်ားဘဝသည် မိန်းမဘဝထက် မြင့်မြတ်သည်ဟု သိသူဖြစ်သည်။

ယောကျ်ားဘဝကို ရရှိလျှင် မိဘများ၏ ကျေးဇူးကို အထူးဆပ်ခွင့်ရသည်ဟုလည်း ယုံကြည်ကြ သည်။ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ၏ စိတ်ထဲတွင် ရဟန်းခံ၊ ရှင်ပြုခြင်း အလှူသည် အမြင့်ဆုံးအလှူ၊ အမြတ်ဆုံးအလှူတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း ယုံကြည်ကြသည်။ ထို့ကြောင့် မိမိ၏ ရင်သွေးများဖြစ်သော သားယောကျ်ားလေးများကို ငယ်ရွယ်စဉ်မှာပင် ရှင်ပြုပေးပြီး အရွယ်ရောက်လာသောအခါ ရဟန်းခံခြင်းဖြင့်ပင် မိဘများအတွက် အပါယ်တံခါး ပိတ်နိုင်သည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့် မိဘ၏ကျေးဇူးကိုဆပ်ချင်သော သူများသည် မြင့်မြတ်သော ယောကျ်ားဘဝဆုကို တောင်းသည်ဟုလည်း ယုံကြည်မိပါသည်။

## ၂-၄။ အထွေထွေဆုတောင်း

မြန်မာကျောက်စာများထဲတွင် ဗုဒ္ဓတရားတော်ကို ယုံကြည်သက်ဝင်သော ဆုတောင်းများ၊ စိတ်ကူး ဆန်းကြယ်စွာ တောင်းထားသော ဆုတောင်းများ၊ မိဖုရားအဖြစ်ရလိုသော ဆုတောင်းများ စသည်ဖြင့် လေ့လာ တွေ့ရှိရပါသည်။

သက္ကရာဇ် ၆၈၁၊ မင်းအသင်္ခယာကြီးကျောက်စာတွင်

''ဤသိုဝ် ငါစီရျင် သော ကောင်မှုကိုဝ် အခါခပ်သိမ် ငါလျှင် မဟီသောလေ

ငါနှင်ထပ်တူ ထောက်ပင်ရစ်အံ့ ထိုဝ်ထိုဝ်သော သူကာ ငါနှင့်ထပ်တူ

လည်းကောင်း သမုဒြာရိယ်ကိုဝ် မခြင်နိုဝ်၏ သိုဝ် အက္လိုဝ် အတိုင်မသိဟု

ဖုရာသိခင် ဟီ၏ ဟဝ်သောတြာ အတိုင်လျှင် ရစိယ်၏''[၁]

ဟူ၍ ဆုတောင်းထားသည်။ မိမိအလှူကို ထောက်ပံ့သူတို့အား မိမိ၏အလှူအကျိုးကို ဘုရားရှင်၏ တရားတော်အတိုင်း ရပါစေဟု ဆုတောင်းပေးထားသည်။ သမုဒ္ဒရာရေသည် ရေတွက်၍ မရချေ။ ထိုကဲ့သို့ပင် မိမိ၏ ကောင်းမှုအကျိုးသည် ရေတွက်၍မရအောင်ပင် များပြားသည်ဟု ဘုရားရှင်က ဟောတော်မူ၏။ ထိုတရား အတိုင်းပင် မိမိ၏ကောင်းမှုအကျိုးလည်း ရပါစေဟု ဆုတောင်းပေးထားပါသည်။ အလှူရှင်သည် ဗုဒ္ဓတရားတော် ကို ယုံကြည်သက်ဝင်သည့် သဘောကို တွေ့ရသည်။ ကံကံ၏အကျိုးကို ယုံကြည်သူဖြစ်သည်။ စိတ်ကူးဆန်း ကြယ်စွာ ဆုတောင်းထားသည်။

သက္ကရာဇ် ၆၉၄ ရတနာပုံ အမိဖုရားကျောက်စာတွင်

''င ကောင်မှုကိုဝ် ခိပင်သသူ အထက်နတ်ရွာ နတ်တေစည်စိမ်ချံသာ

ငါနှင့်အတူ ခံစစေသော ငါတမုလေ နိဗ္ဗာန်ပြည်သိုဝ် မရောက်သရွှယ်

င ၏ မိဖုရာလျှင် ဖ္လစ်လိုဝ်၏''[၂]

---

[၁] ဦးမိုးမောင် (တတွဲ)၊ ၂၈၂၊ ၁၉၈၃။

[၂] ဦးမိုးမောင် (တတွဲ)၊ ၃၈၂၊ ၁၉၈၃။

ဟူသော ဆုတောင်းတွင် မိမိအလှူကို ချီးပင့်သူသည် အထက် နတ်ရွာမှ နတ်တို့သည် မိမိနှင့်အတူ စည်းစိမ်ခံစား ရပါစေဟူ၍လည်းကောင်း၊ မိမိသည်လည်း နိဗ္ဗာန်သို့ မရောက်မချင်း မိမိသည် ဖြစ်လေရာဘဝတွင် မိဖုရားအဖြစ် သာ ရပါလို၏ဟူ၍လည်းကောင်း ဆုတောင်းထားပါသည်။ ဤဆုတောင်းတွင် အလှူရှင်သည် မိမိကောင်းမှုအတွက် နတ်လည်းဖြစ်လိုသည်။ နတ်စည်းစိမ်ကိုလည်း ခံစားလိုသည်။ ထို့နောက် ပုထုဇဉ်ပီပီဖြစ်လေရာ လူ့ဘဝပြန်ရပါက မိဖုရားအဖြစ်ကိုသာ ရလိုသည်ဟူ၍ ဆုတောင်းထားသည်ကို လေ့လာကြည့်လျှင် အလှူရှင်သည် လောကီချမ်းသာ ကို စိတ်တိုင်းကျ ခံစားလိုသည်။ ဖြစ်လေရာဘဝတွင် အမျိုးသမီးဘဝကိုသာ ရရှိလိုသူဖြစ်သည်။

သက္ကရာဇ် ၇၀၉ အမိဖုရာစေထွတ်ကျောင်းကျောက်စာတွင်

"ချီပင်ပါသသူကာ ငါအတူရစပါစိယ်သော ငမိငဖငဖိုဝ် ငဖွါစသော

ငဆုယ် အကုန်စုံလျှင် ရစိယ်သတေ ငါလေလူနတ်ချံသာကြီစွာ ခံစရပြီ

သော အဆုံကာ နိဗ္ဗန်ချံသာလျှင် ခံစရချ္ဆသတေ၊ ငါလေ မ္ဘိယ်ခံရ

သော ဖုရာ ကုတုတ် သိမ်ပ္လုရသော အကျိုဝ် ငမိငဖငဆိရ္ဓာ ငတပေစ်

င ဆုယ် အကုန်စုံလျှင် ရစပါစိယ်သတေ၊ မစ်တည်ဖုရာဖ္လစ်သော

ခါန္တိက် စမ္ဗုတိက် ကန်ကိုဝ်အစိုဝ်ရသော ပုန်တန်ခိုဝ်ကြီစွာသော

ရာဇမိရစ်မည်သော ပုရာဒါယကာ မင်းကြီလျှင် ဖ္လစ်ချင်သော

ဖ္လစ်လစ်အံဟု မစ်တည်ဖုရာ ဗျာတိတ်ပယ် (ရသောမင်ငါ)ဖ္လစ်ချင်သတေ"[၁]

ဟူ၍ အလှူရှင်သည် (၃၈)ဖြာ မင်္ဂလာတရားတော်နှင့်အညီ မိမိနှင့်အတူ ရစေလိုသည်။ လူ၊ နတ်ချမ်းသာကို လည်း ကြီးကျယ်စွာ ခံစားလိုသည်။ နောက်ဆုံးဘဝရောက်မှ နိဗ္ဗာန်ကို ရောက်လိုသည်ဟု ဆုတောင်းထားသည်။ ထိုခေတ် အလှူရှင်တို့သည် နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်သေးသရွေ့ သံသရာ စက်ဝန်း၌ အကြိမ်ကြိမ်လည်ပတ် နေဦးမည်ဟု ယုံကြည်ကြသည့်အတွက် သံသရာအဆုံး နိဗ္ဗာန်ကို ရလိုသည်ဟု ဆုတောင်းကြသည်။

ထို့နောက် မိမိသည် သိမ်၊ ကုတုတ်၊ လှူရသော အကျိုးကြောင့် မိမိ၏ဆွေမျိုးသာမက ဆရာ တပည့်များကိုလည်း အမျှဝေထားသည်။ ထို့နောက် မိမိသည် နောင်ပွင့်တော်မူမည့် အရိမေတ္တေယျမြတ်စွာဘုရား လက်ထက်တွင် ဇမ္ဗူဒိပ်ကျွန်းကို အစိုးရသော ဖုန်းတန်ခိုးကြီးသော ရာဇမိရာဇ် အမည်ရှိသော ဘုရား၊ ဒါယကာ ဖြစ်ချင်သည်ဟူ၍ ဗျာဒိတ်တောင်းထားသည်ကို တွေ့ရပါသည်။

ဤဆုတောင်းကိုကြည့်လျှင် လောကုတ္တရာထက် လောကီရေးကိုပို၍ အလေးပေးကာ ဆုတောင်းထား သည်ကို တွေ့ရသည်။ အလှူရှင်သည် ဘုရားဆုကို မတောင်းဘဲ လောကစည်းစိမ်ကို ခံစားနိုင်မည့် ဘုရားရှင်၏ ဗျာဒိတ်ကိုသာ တောင်းထားခြင်းသည် အများနှင့်မတူ ထူးခြားသော အလှူရှင်၏ ဆန္ဒကို ပေါ်လွင်စေပါသည်။

ထေရဝါဒဗုဒ္ဓဘာသာဝင်များသည် ကောင်းသော ကိစ္စဖြစ်သည့် အကြောင်းတရားတစ်ခုကို ဆောင် ရွက်ပြီးလျှင် ကောင်းသောအကျိုးတရားကို ရပါစေဟု ဆုတောင်းလေ့ရှိကြသည်။ ဤသို့ဆုတောင်းရာတွင် ကောင်းသောဆုတောင်းများသာမက မတောင်းသင့်သော ဆုတောင်းများလည်းရှိကြောင်း ဗုဒ္ဓတရားတော်များမှ လေ့လာတွေ့ရှိရပါသည်။

---

[၁] ငြိမ်းမောင် (စတွဲ)၊ ၇၁၊ ၁၉၈၈။

ကောင်းသောဆုတောင်း(သို့မဟုတ်) တောင်းသင့်သောဆုတောင်းသည် မိမိ၏ကောင်းသော အကြောင်းတရားကြောင့် ကောင်းသောအကျိုး တရားဖြစ်သည့် နိဗ္ဗာန်ဆု၊ ဘုရားဆု၊ ယောကျ်ားဆုစသည့် ကောင်းကျိုးတရားများရပါစေဟု ဆုတောင်းတတ်ကြသည်။ ဤသို့သော ဆုတောင်းကို ကောင်းသောဆုတောင်း (သို့မဟုတ်) တောင်းသင့်သောဆုတောင်းဟု ဆိုနိုင်ပါသည်။

သို့သော် တစ်ခါတစ်ရံ ရန်လိုခြင်း၊ လက်စားချေလိုခြင်း၊ လက်တုံ့ပြန်လိုခြင်း၊ အနိုင်ယူလိုစိတ်များဖြစ်လျှင် မတောင်းသင့်သောဆုများကိုလည်း တောင်းတတ်ကြသည်။ ဓမ္မပဒ အတွဲ (၂)၊ စာ (၂၂၁)တွင် သုပ္ပဗုဒ္ဓနှင့် သူငယ်ချင်းသုံးဦးတို့သည် ပြည့်တန်ဆာမတစ်ဦးအား သတ်ရန်တိုင်ပင်နေသည့်အသံကို ပြည့်တန်ဆာမကြားသော အခါ ထွက်ပြေးရန်လည်း မလွတ်နိုင်ကြောင်း သိသောအခါ ပြည့်တန်ဆာမသည် မသေမီဆုတောင်းသွားသည်မှာ "ဤရက်စက်ကြမ်းကြုတ်သောသူတို့သည် ငါ့အား အကယ်၍သတ်ခဲ့ပါက ငါသည် ဘီလူးမဖြစ်ပြီး ဖြစ်လေရာ ဘဝတိုင်း၌ ထိုသူတို့အား ပြန်၍ သတ်နိုင်သည်သာဖြစ်ရပါလို၏"ဟု ဆုတောင်းလေသည်။ ဤမတောင်းသင့်သော ဆုတောင်းကြောင့် နောက်ဘဝတွင် သုပ္ပဗုဒ္ဓနှင့် သူငယ်ချင်းသုံးဦးတို့အား ဘီလူးမသည် နွားမယောင်ဆောင်၍ သတ်ခဲ့လေသည်။ ဤသို့သော ဆုတောင်းသည် မတောင်းသင့်သောဆုတောင်းဟု ယူဆမိပါသည်။

အလားတူပင် မိန်းမငယ်တစ်ဦးသည် ကိုယ်ဝန်အရင့်အမာရှိချိန်တွင် ကိုယ်ဝန်ပျက်စေရန် ဆေးခတ်ဖိုက်ကျွေးလေရာ မိန်းမငယ်သည် သန္ဓေပျက်၍ မချိမဆန့်ခံစားရပြီး မြောနေချိန်တွင် "ငါ ဤဘဝမှ သေရသော် နောင်ဘဝ၌သူ၏သားသမီးတို့ကို ဖျက်ဆီးနိုင်သည့်ကိုယ်ဖြစ်ရလို၏"ဟု ဆုတောင်းပြီး ကွယ်လွန်လေရာ ဤအိမ်၌ ကြောင်ဖြစ်၍ ဆေးခတ်သူအမျိုးသမီးက ကြက်ဖြစ်လေသည်။ ကြောင်မက ကြက်ဥများကို စားလေသည်။ ထို့နောက် ကြက်မက "နောင်ဘဝတွင် ကြောင်မနှင့်တကွ သားသမီးများကို စားရပါလို၏"ဟု ဆုတောင်း၍ သေလေသည်။ ဤသို့ဖြင့် ရန်ကိုရန်ချင်းတုံ့ပြန်လို၍ ဆုတောင်းလာရာ သုံးဘဝဆက်အပြန်ပြန်အလှန်လှန် လက်စားချေလာခဲ့ကြသည်။

ထို့အပြင် မတောင်းသင့်သောဆုကို တောင်းမိသည် မြွေနှင့်မြွေပါ၊ ကျီးနှင့်ပုပ်ငှက်တို့ကဲ့သို့ ကမ္ဘာပတ်လုံး မဆုံးမချင်း ရန်ငြိုးဖွဲ့ခြင်းဖြစ်ရာ၏ဟူ၍ မြတ်စွာဘုရားရှင်က ဟောကြားတော်မူလေသည်။ ထို့ကြောင့် ဆုတောင်းရာတွင် သံသရာရှည်နိုင်သည့်ဆုကို မတောင်းမိစေရန် လိုအပ်သည်ဟု သိရှိနိုင်ပါသည်။ ထို့နောက် ဥမ္မာဒန္တီမင်းသမီးကဲ့သို့ ဆုတောင်းမလွန်မိစေရန်လည်း လိုကြောင်း သတိပြုသင့်သည်ဟု ယူဆမိပါသည်။

အချို့သော ဆရာတော်ကြီးများသည် ကောင်းသောကိစ္စ၊ ကောင်းသောအလှူဒါနများ ပြုပြီးလျှင် နိဗ္ဗာန်ဆုတစ်ဆုသာ တောင်းရုံနှင့်ကျန်သော လူစည်းစိမ်၊ နတ်စည်းစိမ်စသည့် ကောင်းကျိုးများကို ခံစားရမည် ဖြစ်ကြောင်းနှင့် အဆုံးဘဝတွင် နိဗ္ဗာန်ကို ရောက်နိုင်သည်ဟု ဟောကြားတော်မူခဲ့သည်ကို နာကြားဖူးပါသည်။

လူတိုင်းလူတိုင်းသည် ကောင်းသောအလုပ်လုပ်လျှင် ကောင်းသောကံရှိလျှင် ကောင်းကျိုးကို ခံစားရပြီး မကောင်းသော အလုပ်လုပ်လျှင် မကောင်းကံရှိ၍ မကောင်းကျိုးကို ခံစားရမည်မှာ အမှန်ပင်ဖြစ်ကြောင်း ပုဂံခေတ်မှစ၍ ယနေ့ခေတ်တိုင် ယုံကြည်နေဆဲပင်ဖြစ်သည်။

ပုဂံခေတ်မှစ၍ ပင်းယခေတ်တိုင် အလှူရှင်တို့သည် ကောင်းမှုအလှူပြုပြီးလျှင် အလှူမှတ်တမ်းတင်ကျောက်စာများ ရေးထိုးလေ့ရှိပြီး အလှူမှတ်တမ်း၏အဆုံးတွင် ဆုတောင်းနှင့် ကျိန်စာများကို ရေးထိုးလေ့ရှိသည်။ ပုဂံခေတ်မှစခဲ့သော ဆုတောင်းသည် ယနေ့ခေတ်တိုင် ဆုတောင်းနေဆဲဖြစ်သည်။ သို့သော် ပုဂံခေတ်မှစခဲ့သော ကျိန်စာသည် ယခုခေတ်တွင် မှတ်တမ်းတင်ထားသည်များ မရှိတော့ချေ။ တစ်နည်းအားဖြင့် ကျိန်စာသည် မတောင်းသင့်သောဆုတောင်းဟု ဆိုနိုင်ပါသည်။ သူတစ်ပါးအတွက် တောင်းသောဆုဟုလည်း ဆိုနိုင်ပါသည်။ ပုဂံခေတ်အလှူရှင်တို့သည် မိမိတို့အလှူတည်တံ့စေလို၍ မိမိတို့၏ အလှူကို မဖျက်ဆီးဝံ့အောင် ကျိန်စာများ ရေးထိုး၍ တားမြစ်လေ့ရှိသည်။

မိမိအလှူကို ဖျက်ဆီးလျှင် "ငရဲကျပါစေ၊ တိရစ္ဆာန်ဖြစ်ပါစေ၊ ငရဲသစ်ငုတ်ဖြစ်ပါစေ"စသည်ဖြင့် ပြင်းထန်သော ကျိန်စာများ၊ ပြင်းထန်သောမကောင်းသော ဆုတောင်းများ ရေးထိုး၍ မိမိတို့၏အလှူများ အချိန်ကြာမြင့်စွာ တည်တံ့စေလို၍ ကျိန်ဆိုလေ့ရှိသည်။ ယခုခေတ် အလှူရှင်တို့သည် ကောင်းသောအကြောင်းတရား များ၊ ကောင်းသော အလှူများပြုပြီးလျှင် ကျိန်စာများကိုမူ မတွေ့ရတော့ချေ။ ယနေ့ အလှူရှင်တို့သည် မိမိတို့အလှူပြုပြီးလျှင် "နိဗ္ဗာန ပစ္စယောဟောတု"ဟူ၍ လှူပြီးလျှင် လှူပြီးသော ပစ္စည်းသည် အလှူခံသူ၏ ပစ္စည်းသာဖြစ်ပြီး မိမိအတွက်မှာ ကောင်းကျိုးဆိုသည့်အထုပ်သာ မိမိပစ္စည်းဟု ယူဆပြီးသည့်အတွက် မိမိအလှူသည် နိဗ္ဗာန်ရောက်သည်အထိ တည်တံ့နေသည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့် ပုဂံခေတ်၊ ပင်းယခေတ်ထက် ယခုခေတ်ဘာသာရေးအတွေးအခေါ် မြင့်မားနေပြီဖြစ်ကြောင်း ဆိုနိုင်ပါသည်။

## ၃။ ခြုံငုံသုံးသပ်ချက်

မြန်မာကျောက်စာထဲမှ ပင်းယခေတ်အလှူရှင်တို့သည် မိမိတို့၏ အလိုဆန္ဒများကို ဆုတောင်းအမျိုးမျိုးဖြင့် ဖော်ပြလေ့ရှိပါသည်။ ထိုခေတ်အလှူရှင်တို့သည် နိဗ္ဗာန်ဆုတောင်းရာတွင်လည်း နိဗ္ဗာန်၏သဘောကို မိမိတို့ကိုယ်တိုင် ကောင်းစွာနားလည်သဘောပေါက်၍ ဆုတောင်းခြင်းဖြစ်သည်ဟု ယူဆရပါသည်။ အချို့အလှူရှင်တို့မှာ ဘုရားဟောစာပေကျမ်းဂန်များကို သဘောပေါက်သည့်အလျှောက် ဆုတောင်းကြသည်။ နိဗ္ဗာန်ဆုတောင်းရာ၌လည်း "ဘုရား၊ ရဟန္တာတို့ ဝင်ရာဖြစ်သော နိဗ္ဗာန်ပြည်ရစပါစိယ်သတေ" "အဆုံးသောကာပစ္စေက ဗုဒ္ဓါ ရဟန္တာတို့ဝင်လေရာ၊ ငြိမ်းလေရာဖြစ်သော နိဗ္ဗာန်ဆုနှင်နှင်ရစပါစေကုန်သတေ" စသည်ဖြင့် ဆုတောင်းထားသည်ကို တွေ့ရသည်။

ဤဆုတောင်းများအရ ပင်းယခေတ်အလှူရှင်တို့သည် နိဗ္ဗာန်၏သဘောကို ခြေခြေမြစ်မြစ် ပြည့်စုံစွာ နားလည်သူများ ဖြစ်သည်ဟု ယူဆရပါသည်။ ဗုဒ္ဓဘာသာဝင်တို့၏ ဘာသာတရားအပေါ် သက်ဝင်ယုံကြည်မှု အတိမ်အနက်ကို အကဲခတ်မှန်းဆ၍ ရနိုင်ပါသည်။

ဘုရားဆုပန်ခြင်းသည် မိမိအကျိုး၊ သတ္တဝါများ၏အကျိုးကို ရှေးရှုလိုလားရာရောက်သော ဆုဖြစ်သည်။ ထို့ကြောင့် ဘုရားဆုပန်သော ထိုခေတ်လူအလှူရှင်တို့သည် တစ်ကိုယ်ကောင်းမဆန်ဘဲ သဘောထားကြီးစွာ အမြော်အမြင်ရှိရှိဖြင့် အများအကျိုးအတွက်ပါ ဆောင်ရွက်လိုသူများ ဖြစ်သည်ဟု ယူဆနိုင်ပါသည်။

ထို့အတူ ယောကျ်ားဆုပန်ခြင်းသည် ဗုဒ္ဓဘာသာဆိုင်ရာ ကိစ္စအဝဝကို ကိုယ်တိုင်ကိုယ်ကျပါဝင်ဆောင်ရွက်လိုသော ဆန္ဒရှိ၍ ဆုတောင်းခြင်းဖြစ်သည်ဟု ယူဆရပါသည်။

ထို့ပြင် လောကီဆုတောင်းများအဖြစ် မိဖုရားဖြစ်စေရန် ရာဇဓိရာဇ်အမည်ရှိသော ဘုရားဒါယကာမင်းကြီးဖြစ်စေရန်၊ ဆင်းရဲခြင်းမရှိဘဲ၊ ချမ်းသာခြင်းများသာရှိစေရန် စသည်တို့ကိုလည်း ဆုတောင်းထားသည်ကို လေ့လာတွေ့ရှိရပါသည်။

## ၄။ နိဂုံး

မြန်မာကျောက်စာများတွင် ရေးထိုးထားသော ပင်းယခေတ်အလှူရှင်တို့သည် ကံ,ကံ၏အကျိုး ကိုကောင်းစွာသိသူများဖြစ်သည်။ မိမိကောင်းတာလုပ်လျှင် ကောင်းကျိုးခံစားရမည်ကို နက်နဲစွာ သိရှိသည့်အတွက် ဒါနပါရမီတည်းဟူသော အလှူအတန်းများကို ပြုလုပ်၍ ဆုတောင်းကြသည်။ ဆုတောင်းခြင်းသည် မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် တောင်းဆိုခဲ့သည့် လုပ်ဆောင်ချက်တစ်ရပ်ဖြစ်သည်ကို ထိုခေတ်အလှူရှင်တို့ ကောင်းစွာသိမြင်ကြသည်။ ထို့ကြောင့် ထိုခေတ်အလှူရှင်တို့သည် မြတ်စွာဘုရားရှင် ကျင့်ကြံခဲ့သည့်အတိုင်း မြတ်စွာဘုရားရှင်၏ တရားတော်အတိုင်း ဆုတောင်း အမျှဝေသည့်ဓလေ့ကို လုပ်ဆောင်ခဲ့ကြသည်။ မြတ်စွာဘုရားရှင်၏ တရားတော်အတိုင်း၊ လုပ်ဆောင်ခဲ့ကြသော ဆုတောင်း၊ အမျှဝေသည့် ဓလေ့သည် ယနေ့တိုင် ပြုမူလုပ်ဆောင်ရွက်နေဆဲဖြစ်ပါသည်။ ဆုတောင်းသူတိုင်းသည် ဆုတောင်းသည့်အတိုင်း ပြည့်ချင်မှ ပြည့်မည်။ ပြည့်လည်း ပြည့်နိုင်ပါသည်။ သို့သော် ဆုတောင်းသူတိုင်းသည် မိမိဖြစ်ချင်သည့်ဆန္ဒကို မိမိနှုတ်မှ ထုတ်ဖော် ပြောကြားလိုက်ရသည့်အတွက် ဆုတောင်းသူတိုင်း၏ စိတ်ထဲတွင်ကား စိတ်ကြည်နူးမှု၊ စိတ်ကျေနပ်မှုကို ဖြစ်စေပါသည်။

## ကျမ်းကိုးစာရင်း


ငြိမ်းမောင် (ဦး)။ ၁၉၈၃။ - ရှေးဟောင်းမြန်မာကျောက်စာများ၊ တတိယတွဲ၊ ရှေးဟောင်းသုတေသနဦးစီးဌာန၊ ရန်ကုန်။

ငြိမ်းမောင် (ဦး)။ ၁၉၉၈။ - ရှေးဟောင်းမြန်မာကျောက်စာများ၊ စတုတ္ထတွဲ၊ ရှေးဟောင်းသုတေသနဦးစီးဌာန၊ ရန်ကုန်။

စောလူ။ ၁၉၉၆။ - ပုဂံခေတ်မြန်မာစာ၊ ပထမတွဲ၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ရန်ကုန်မြို့။

စောလူ။ ၁၉၉၆။ - ပုဂံခေတ်မြန်မာစာ၊ ဒုတိယတွဲ၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ရန်ကုန်မြို့။

စောလူ။ ၁၉၉၆။ - ပုဂံခေတ်မြန်မာစာ၊ တတိယတွဲ၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ရန်ကုန်မြို့။

သန်းထွန်း။ ၁၉၆၉။ - ခေတ်ဟောင်းမြန်မာရာဇဝင်။ မဟာဒဂုံစာပေထုတ်ဝေရေး၊ ရန်ကုန်မြို့။

မာဃ(ဆရာ)။ ၁၉၅၉။ - နိဗ္ဗာန်ဝါဒသမိုင်း၊ မာဃစာပေထုတ်ဝေရေး၊ ရန်ကုန်မြို့။

ပါရဂူ။ ၁၉၇၅။ - နိဗ္ဗာန်၊ ရန်အေးပုံနှိပ်တိုက်၊ ရန်ကုန်မြို့။

မြန်မာအဘိဓာန်၊ အတွဲ (၂)။